မြန်မာခရစ်ယာန်မိဿဟာယအသင်းတော်

*Burmese Christian Fellowship*


# †Newsletter - သတင်းလွှာ


*Enjoy free reading from B.C.F __ Volume 16/Issue 2/ February / 2023*


## ထလော့၊ လင်းလော့၊ ဘုရားသခင်၏ကျေးဇူးတော်ကို ချီးမွမ်း၍မြွတ်ဆိုကြလော့။

တိမောသေဩဝါဒစာဒုတိယစောင်။ ၁း၈–၁၂။

ဘုရားသခင်သည် ကြောက်တတ်သော စိတ်သဘောကို ငါတို့အား ပေးတော်မူသည် မဟုတ်။ တန်ခိုးပါသောစိတ်၊ ချစ်တတ်သောစိတ်၊ ရှင်းလင်းသောစိတ်သဘောကို ပေးတော်မူ၏။

ထိုကြောင့်၊ ငါတို့သခင်ဘုရား၏ သက်သေကိုငင်း၊ ထိုသခင်ကြောင့် အကျဉ်းခံရသော သူဖြစ်သော ငါကိုငင်း ရှက်ကြောက်ခြင်းမရှိနှင့်။ ဘုရားသခင်ပေးတော်မူသော တန်ခိုးကိုရသည် အတိုင်း ဧဝံဂေလိတရားနှင့် ဆက်ဆံ၍ ဆင်းရဲဒုက္ခကိုခံလော့။

ဘုရားသခင်သည် ငါတို့ကျင့်သောအကျင့်ကို ထောက်တော်မမူ။ ရေးကပ်ကာလ မရောက်မှီ၊ ယေရှုခရစ်အားဖြင့် ငါတို့အဘို့ကိုယ်တော်တိုင်ကြံစည်တော်မူသော ကျေးဇူးတော် နှင့်အညီ၊ ငါတို့ကိုကယ်တင်၍၊ သန့်ရှင်းသောအရာ၌ခေါ်သွင်းတော်မူ၏။

ထိုကျေးဇူးတော်ကား၊ ငါတို့ကိုကယ်တင် သောသခင်ယေရှုခရစ်ပေါ်ထွန်း သည်အရာမှာ ယခုထင်ရှားလျက်ရှိ၏။ ထိုသခင်သည် သေခြင်းအကြောင်းကိုပယ်ရှား၍၊ အသက်ရှင်ခြင်း အကြောင်းနှင့်မဖောက်ပြန်ခြင်းအကြောင်းကို ဧဝံဂေလိတရားအားဖြင့် ထင်ရှားစေတော်မူပြီ။

ထိုတရားကို ဟောပြောသောသူအရာ၌ငင်း၊ တမန်တော်အရာ၌ငင်း၊ တပါးအမျိုးသား တို့၏ ဆရာအရာ၌ငင်း၊ ငါ့ကိုခန့်ထားတော်မူပြီ။

ထိုအကြောင်းကြောင့် ဤဆင်းရဲဒုက္ခကို ငါခံရ၏။ သို့သော်လည်း ရှက်ကြောက်ခြင်းမရှိ။ အဘယ်သူကို ငါယုံကြည်သည်ဟု ငါသိ၏။ သူ၌ငါအပ်ထားသောအရာကိုလည်း၊ ထိုနေ့ရက်တိုင် အောင် စောင့်နိုင်တော်မူသည် ဟု ငါသဘောကျ၏။

## *Announcements and Upcoming Service*

2023
**February**

| Sun | Mon | Tue | Wed | Thu | Fri | Sat |
|---|---|---|---|---|---|---|
| | | | 1 | 2 | 3 | 4 |
| 5 | 6 | 7 | 8 | 9 | 10 | 11 |
| 12 | 13 | 14 | 15 | 16 | 17 | 18 |
| 19 | 20 | 21 | 22 | 23 | 24 | 25 |
| 26 | 27 | 28 | | | | |

## *2023, Febuary Worship Service*

***2/5/2023 – Holy Communion Service***
***& Celebrate Chinese New Year***

***2/12/2023 – Regular Service***

***2/19/2023 – Regular Service***

***2/26/2023 – B.C.F. Laity's Sunday Service***

### *B.C.F Worship time*

***Sunday Service … 2:00PM***
***Children Sunday School … 2:15 PM***
***BCF Youth … 2:15 PM***

### *Prayer Meeting*

***Every Saturday, 2:00 PM***

### *Bible Study*

***Sunday 1:00-2:00 PM***

****Note: - There will be BCF official Board Members Retreat on Saturday, February 12, 2023.***
***B.C.F Newly Official Board Members, Please attend without fail.****

# အသင်းတော်အတွင်းရှိ
# သာမာန်အသင်းသားများ၏ အခန်းဂဏ္ဍ

အသင်းတော်တွင် သာမာန်အသင်းသူ/သားများသည် အထူးသဖြင့် အသင်းတော်၏ အရေးကြီးသောအခန်းကဏ္ဍမှပါဝင်နေ၏။ သာမာန်အသင်းသူ/သားများ မပါမရှိလျှင် အသင်းတော်ဖြစ်မလာနိုင်ပါ။ သာမာန်အသင်းသူ/သားများသည် ဘုရားရှိခိုးကျောင်း၌ ပါဝင်ဆက်ကပ်ကာ အမှုတော်မြတ်ထဲမှာ လုပ်ဆောင်နေကြသည်။ သာမာန်အသင်းသူ/သားများသည် အသင်းတော်လုပ်ငန်းများ၌သာမက အသင်းသားများ အချင်းချင်းမိဿဟာယ ဖွဲ့ကာ အတူတူလက်တွဲ၍ ဘုရားအမှုတော်ကိုဆောင်ရွက်နေကြသည်။ မိမိတို့ကိုယ်ကို ယုံကြည်ခြင်း၌ခိုင်ခံ့စေရန်နှင့် ပြင်ဆင်ပြုပြင်ရန် အသင်းတော်နှင့် အမြဲဆက်သွယ်နေရသည်။ မိမိအသင်းတော်၏ သာသနာ့နယ်မြေတိုးပွါးကျယ်ပြံ့စေဖို့ရန် သင်းအုပ်ဆရာများ၊ ဆရာ၊ ဆရာမများ နှင့်အတူ ပူးပေါင်းလုပ်ဆောင်ကြရာမှာလည်း တတပ်တအား ပံ့ပိုးကူညီသူများ ဖြစ်ပါသည်။ အသင်းတော်အတွင်း သာမာန်အသင်းသူ/သားများသည် ဧဝံဂေလိတရားဟောပြောခြင်း၏ပန်းတိုင်ကို အခန်းကဏ္ဍတစ်ခုအဖြစ် အာရုံစိုက်သင့်သည်။ ဆရာ၊ ဆရာမများကလည်း အားပေးထောက်ကူပေးရမည်။

ခရစ်တော်သည် ဆုပေးတော်မူသည်အတိုင်း ငါတို့သည် ကျေးဇူးတော်ကို အသီးအသီးကိုယ်စီခံရကြပြီ ဆိုထားသည့်အတိုင်း၊ အသင်းသူ/သားများသည် အောက်ပါအခန်းကဏ္ဍများ၌ ပါဝင်၍ ကူညီလုပ်ဆောင်နိုင်ပါသည်။

- ❑ ဆုကျေးဇူးတော် အထူးထူးအထွေထွေရှိငြားသော်လည်း .. ဝိညာဉ်တော်တပါးတည်းရှိ၏။
- ❑ ဓမ္မဆရာအမှု အထူးထူးအထွေထွေ ရှိငြားသော်လည်း ..သခင်တပါးတည်းရှိ၏။
- ❑ ပြုပြင်ခြင်းအမှုအထူးထူး အထွေထွေရှိငြားသော်လည်း .. ခပ်သိမ်းသောသူတို့၌ ပြုပြင်သမျှကို ပြုပြင်တော်မူသော ဘုရားသခင်တပါးတည်းရှိ၏။၁ကော၁၂း၄–၆။

ကောင်းသောအကျိုးအလိုငှါသာ ဝိညာဉ် တော်ကို လူအသီးသီးတို့အား ထင်ရှားစွာပေးတော်မူလျက်ရှိ၏။ အဘယ်သို့နည်းဟူမူကား၊ ဝိညာဉ်တော်အားဖြင့် –

- ✳ တယောက်သောသူအား .. ပညာတရားကိုပေး တော်မူ၏။
- ✳ တယောက်သောသူအား .. ထိုးထွင်းခြင်း တရားကို ပေးတော်မူ၏။
- ✳ တယောက်သောသူအား .. ယုံကြည် ခြင်းကိုပေးတော်မူ၏။
- ✳ တယောက်သောသူအား .. အနာရောဂါကို ငြိမ်းစေနိုင်သောအခွင့်ကို ပေးတော်မူ၏။
- ✳ တယောက်သောသူအား .. တန်ခိုးကိုပြနိုင်သောအခွင့်ကိုရင်း၊
- ✳ တယောက်သောသူအား .. ပရောဖက် ပြုနိုင်သောအခွင့်ကိုရင်း၊
- ✳ တယောက်သော သူအား .. စိတ်ဝိညာဉ်တို့ကို ပိုင်းခြား၍ သိနိုင်သောအခွင့်ကိုရင်း၊
- ✳ တယောက်သောသူအား .. အမျိုးမျိုးသောဘာသာစကားကို ပြောနိုင်သောအခွင့်ကိုရင်း၊
- ✳ တယောက်သောသူအား .. ထိုဘာသာစကား၏အနက်ကို ဘော်ပြနိုင်သောအခွင့်ကိုရင်း၊ ပေးတော်မူ၏။

ဤအခွင့်ရှိသမျှတို့ကို တပါးတည်းသေ ဝိညာဉ်တော်သည်ပြုပြင်၍ လူအသီးသီးတို့အား အသီးသီးခံရသောအခွင့်ကို အလိုတော်ရှိသည်အတိုင်း ဝေဌ၍ပေးတော်မူ၏။ ၁ကော၁၂း၇–၁၁။ ။

# ဘုရားသခင်၏လူ
# မောရှေပြုသောပဌနာ

နိုင်လင်း



အိုဘုရားသခင် ကာလအစဉ် ခိုလှုံရာဖြစ် နေ့ရက်ချိန်တွင်
အစဉ်မြဲတည် ပြောင်းလဲခြင်းမဲ့ ဘုရှားရှင်ရဲ့ နှုတ်ထွက်စကား
ကဲ့ပြားကင်းစင် ဘုရားသခင်။

လူမျိုးတွေကို ကြေမွစေလျက် မြက်ပင်ပမာ
နံနက်ချိန်ကား တိုးပွါးလာပြီး ညဦးကာလ ညှိုးနွမ်းပါ၏။

အမျက်တော်ထွက် ပျက်စီးခြင်းရောက်
စိတ်တော်မပြေ တုန်လှုပ်စေပြီ။

ဒုစရိုက်တွေ့ ရှေတော်၌ကား
ဝှက်ထားကျင့်များ မျက်နှာတော်တွင် ထင်ရှားလျက်ရှိ
သက်အရွယ်ကား နှစ်ခုနှစ်ဆယ် ရှစ်ဆယ်ပြည့်သော်
ဝါကြွားမှုတွင် ပင်ပန်းချက်၌ ဝမ်းနည်းခြင်းဝင်
ယင်းအသက်ဝယ် မြန်မြန်ကွယ်ပျောက် အကျွန်ုပ်တို့မှာ စုတေ့ပါ၏။

ပညာတရား နေ့ရက်ကာလ ရေတွက်ခြင်းငှါ သွန်သင်မူပါ။
ကောင်းကင်ဘုံရှင် ဘုရားသခင် ပြန်လှည့်မူလျက် အကျွန်ုပ်တို့တွက်
ကြင်နာသောစိတ် ရှိတော်မူပါ။
ကရုဏာဖြင့် ရောင့်ရဲမူပါ။
ဤသို့ပြုလျှင် ဝမ်းမြောက်ရွှင်လန်း အသက်တာတွင် ငြိမ်းခြင်းရ။

ညှင်းဆဲမှုချက် ဒုက္ခခံလျက် လပေါင်းများစွာ ဝမ်းသာအခွင့် ပေးသနားပါ။
ဘုန်းတော်များကို သားမြေးတို့အား ထင်ရှားစေပါ။

ဘုရားသခင်၏ ကျေးဇူးတော်သည် ကျွန်ုပ်တို့အပေါ် ဆိုက်ရောက်ပါစေ။
ထိုသို့ပြုသော အမှုတို့ကို ကျွန်ုပ်တို့ဘို့ ခိုင်ခန့်မြဲမြံ စွဲမြဲစေပါ။ – အာမင်။